




## ကျွန်ုပ်၏ မိသားစုအတွက် WIC ၏ အကျိုးကျေးဇူးဖြင့် ရရှိနိုင်သော ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများမှာ အဘယ်နည်း။

- ☑ နွားနို့
- ☑ ဂျုံကြမ်းပေါင်မုန့်နှင့် Tortillas ဂျုံပြားများ
- ☑ အဟာရမှုန့်.
- ☑ ဒိန်ခဲ
- ☑ အသီးဖျော်ရည်
- ☑ ကြက်ဥ
- ☑ ပဲ
- ☑ မြေပဲယို
- ☑ အသီးအနှံများနှင့် အသီးအရွက်များ
- ☑ ကလေးအစာနှင့် အဟာရမှုန့်. များ
- ☑ Formula နို့မှုန့်



## ကျွန်ုပ်၏ မိသားစုကို WIC တွင် အပ်နှံနိုင်ပါသလား။

WIC သည် မိသားစုတိုင်းအတွက်ဖြစ်ပါသည်။ အိမ်ထောင်ရှိသည်ဖြစ်စေ၊ အိမ်ထောင်မရှိသည့် မိဘတစ်ဦးတည်းအုပ်ထိန်းသော မိသားစုဖြစ်စေ၊ အလုပ်လုပ်နေသောသူများဖြစ်စေ၊ အလုပ်အကိုင်မရှိသူများဖြစ်စေ မည်သည့်မိသားစုမျိုးမဆို အကျုံးဝင်ပါသည်။

သင်သည် ၅ နှစ်အောက်ကလေးတစ်ယောက်၏ ဖခင်၊ မိခင်၊ မွေးစားမိဘ သို့မဟုတ် အခြားတရားဝင်အုပ်ထိန်းသူတစ်ယောက် ဖြစ်ပါက သင်၏ကလေးအတွက် လျှောက်ထားနိုင်ပါသည်။

သင်သည် ကိုယ်ဝန်သည်တစ်ဦးဖြစ်လျှင်သော်လည်းကောင်း၊ နို့တိုက်မိခင်တစ်ဦးဖြစ်လျှင်သော်လည်းကောင်း၊ သို့မဟုတ်ပါက ၆ လ အောက် ကလေးငယ်တစ်ဦးရှိလျှင် သင်ကိုယ်တိုင်အတွက်လည်း လျှောက်ထားနိုင်ပါသည်။

WIC တွင် SNAP (EBT, Food Stamps) သို့မဟုတ် Medicaid တို့ထက် ပိုမိုမြင့်မားသော လျှောက်ထားရန် စည်းမျဉ်းစည်းကမ်းများ ရှိသည့်အတွက် သင်သည် SNAP သို့မဟုတ် Medicaid အတွက် အရည်အချင်းမပြည့်စေကာမူ WIC အတွက် အရည်အခြင်းပြည့်နိုင်သဖြင့် လျှောက်ထားနိုင်ပါသည်။

**WIC သို့လျှောက်ထားရန် သို့မဟုတ် လျှောက်ထားရန် စည်းမျဉ်းစည်းကမ်းများကို စုံစမ်းရန်:**

သင်၏အနီးစပ်ဆုံးရှိဆေးခန်းကို သိရှိနိုင်ရန် 317-221-7401 သို့ ခေါ်ဆိုနိုင်ပါသည်။

www.wic.in.gov

ဤဌာနသည် မည်သူ့ကိုမဆို တန်းတူအခွင့်အရေးပေးသည့် အဖွဲ့အစည်း၊ လုပ်ငန်းရှင် ဖြစ်ပါသည်။

# Marion County WIC









Marion County
မိသားစုများအတွက်
ပိုမိုတောက်ပသော၊
ပိုမိုကျန်းမာသော
အနာဂတ်တစ်ခုအား
တည်ဆောက်ခြင်း။

**ယနေ့ ရက်ချိန်းယူရန်အတွက် ဖုန်းဆက်ရန်:**
**(317) 221-7401**







# WIC သည် ကျွန်ုပ်၏ မိသားစုအတွက် မည်သည့်အထောက်အပံ့များကို ပေးနိုင်ပါသနည်း။

## ကျန်းမာရေးနှင့် ညီညွတ်သော ကိုယ်ဝန်ဆောင်မှု

WIC သည် သင်၏ ရင်သွေးငယ်အတွက် ကျန်းမာသော ဘဝစတင်နိုင်ရန် ကူညီပေးပါသည်။ WIC သည် ကိုယ်ဝန်ဆောင်ကာလအတွင်းသိသင့်သော ကျန်းမာရေးဗဟုသုတများနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို ထောက်ပံ့ခြင်းအားဖြင့် သင်၏ ရင်သွေးငယ်လေးအား မီးမဖွားမီအချိန်မှပင် ကျန်းမာစွာ ကျွေးမွေးပြုစုနိုင်ရန် ကူညီပေးပါသည်။

## မိခင်နို့ချိုတိုက်ကျွေးခြင်းအတွက် အထောက်အပံ့



ရင်သွေးငယ်အား နို့ချိုတိုက်ကျွေးခြင်းသည် မိခင်အတွက်နှင့် ကလေးအတွက်ပါ ကျန်းမာရေးနှင့်ညီညွတ်ပြီး သဘာဝကျသည့်ကိစ္စဖြစ်သော်လည်း အမြဲတစေ လွယ်ကူခြင်းမရှိပါ။ WIC ၏ မိခင်နို့ချိုတိုက်ကျွေးခြင်းအတွက် အထောက်အပံ့သည် နို့ချိုတိုက်ကျွေးခြင်းဆိုင်ရာ သင်တန်းများ၊ ကျွမ်းကျင်သူဆရာများ၊ ဘဝတူ မိခင်လောင်းအဖွဲ့ဝင်များနှင့် နို့ချိုတိုက်ကျွေးခြင်းအတွက် ကူညီဖြေကြားပေးသည့် ဖုန်းလိုင်းများဖြင့် မိခင်များရင်ဆိုင်နိုင်သော အခက်အခဲများကို အကူအညီပေးလျက်ရှိပါသည်။ WIC သည် လိုအပ်သောမိခင်များအတွက် နို့ချိုညှစ်ရန် စုပ်ခွက်များကို ပံ့ပိုးပေးပါသည်။

ရင်သွေးငယ်နို့ချိုတိုက်ကျွေးခြင်းဆိုင်ရာ အကူအညီပေး ဖြေကြားပေးမည့် Marion County ဖုန်းနံပါတ်: (317) 221-7407

## အာဟာရဆိုင်ရာ အသိပညာပေးခြင်း

ကလေးများအား ကျန်းမာရေးနှင့်ညီညွတ်စေရန် ပြုစုထိန်းသိမ်းခြင်းသည် များသောအားဖြင့် မိခင်တစ်ဦးအပေါ်တွင်လည်းကောင်း၊ မိခင်၏ ဈေးဝယ်စာရင်းပေါ်တွင်လည်းကောင်း၊ မီးဖိုချောင်အတွင်း စီမံခန့်ခွဲမှုအပေါ်တွင်လည်းကောင်း မူတည်လျက်ရှိပါသည်။ မှတ်ပုံတင်ထားသော အာဟာရဆိုင်ရာကျွမ်းကျင်သူ ပညာရှင်များဖြင့် WIC သည် သင်၏မိသားစုတစ်ခုလုံးအား ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နိုင်ရန်အတွက် အကူအညီပေးပါသည်။

## ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ

WIC တွင် ကိုယ်ဝန်ဆောင်ကာလနှင့် ရင်သွေးငယ်နို့တိုက်နေစဉ်ကာလအတွင်း မည်သည့်အစာများကို စားသောက်ရမည်၊ သင်၏ ကလေးငယ်များ ကြီးထွားဖွံ့ဖြိုးစေရန် မည်သည့်အစာများကို ကျွေးမွေးရမည်ကို လေ့လာသင်ယူနိုင်မည်ဖြစ်ပါသည်။ ကုန်စုံဆိုင်များနှင့် ဈေးများတွင် မိသားစုအတွက် မှန်ကန်သောအစားအသောက်ရွေးချယ်ဝယ်ယူရာတွင် WIC ၏ အကျိုးခံစားခွင့်များကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်

## ကျန်းမာရေး စစ်ဆေးခြင်းများ

WIC သည် သင့်ကလေးငယ်၏ အရပ်၊ ကိုယ်အလေးချိန်နှင့် သံဓာတ်တို့ကို မှတ်တမ်းတင်စောင့်ကြည့်ခြင်းဖြင့် သင်၏ကလေးငယ်အား ကျန်းမာသန်စွမ်းသော ကြီးပြင်းမှုရရှိနိုင်ရန် အကူအညီပေးပါသည်။



## လမ်းညွှန်မှုများ

WIC သည် မိသားစုများအတွက် အစားအစာများပံ့ပိုးပေးခြင်း၊ အာဟာရဆိုင်ရာပညာပေးခြင်းနှင့် ရင်သွေးငယ်နို့ချိုတိုက်ကျွေးမှု ထောက်ပံ့ခြင်း စသည့်တို့ထက် ကျော်လွန်သော အထောက်အပံ့များကို ရရှိနိုင်မည့် အစီအစဉ် တစ်ခုဖြစ်ပါသည်။
WIC သည် မိသားစုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ပေးပြီး မိသားစုများ၏ လိုအပ်သော အထောက်အပံ့များ ရရှိနိုင်ရန်လည်း ကူညီပေးပါသည်။

